ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေငြာချက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်

၁။ နှစ်စဉ်ဖေဖေါ်ဝါရီလ (၁၂)ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုနေ့သည် တိုင်းရင်းသားညီနောင်များ အားလုံး၏ လွတ်လပ်တရားမျှတ၍ သာယာဝပြောသော လူ့အဖွဲ့အစည်းတခုအတွင်း အတူတကွ ယှဉ်တွဲနေထိုင်နိုင်ကြစေရန် စိတ်ဆန္ဒ စေတနာအမှန်ဖြင့် အဓိဋ္ဌာန်ပြုခဲ့ကြပြီး ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင် အတူတကွ ကတိကဝတ်ပြု သဘောတူစာချုပ် ချုပ်ဆိုခဲ့သော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည်ဟု ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အနေဖြင့် အသိအမှတ်ပြုပါသည်။

၂။ သို့သော် မိမိတို့တိုင်းရင်းသားလူမျိုးအားလုံးတို့သည် ထိုသို့အဓိဋ္ဌာန်ပြုသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသော်ငြားလည်း ကံမကောင်း၊ အကြောင်းမလှစွာဖြင့် နှစ်ပေါင်း(၆၀)ကျော် ပြည်တွင်းစစ်နှင့်အတူ ဒုက္ခဆင်းရဲမှုအပေါင်းနှင့် ဖြတ်သန်းရင်ဆိုင် ကျော်လွှားလာခဲ့ကြရပါသည်။

၃။ ဤသို့တိုင်းရင်းသားညီနောင်များမှ နှစ်ကာလရှည်ကြာစွာ ခါးစည်းခံစားလာရသော ဒုက္ခဆင်းရဲအပေါင်းမှလွန်မြောက်ရန် ရည်သန်လျှက် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် တစိတ်တဝမ်းတည်း အဓိဋ္ဌာန်ပြု၊ လက်မှတ်ရေးထိုးခဲ့ကြသည့် မိမိတို့ခေါင်းဆောင်များ၏ မပြီးပြတ်သေးသောဆန္ဒနှင့်ကတိကဝတ်ပြုမှုတို့ကို အကောင်အထည်ဖော်ဖြည့်ဆည်းသွားရန် ကိုယ်စီတာဝန်ရှိကြသည်။

၄။ အဆိုပါတာဝန်ရှိမှုတို့အပေါ်အခြေခံ၍ သမ္မတဦးသိန်းစိန်နှင့် ၎င်း၏အစိုးရတို့သည် ကာလရှည်ကြာပြည်တွင်းစစ်ကြီးကို အဆုံးသတ်နိုင်ရေး အထောက်အကူပြုစေရန် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် တရပ်ဆီသို့ ရောက်ရှိနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့်အတူ ကြိုးပမ်းလုပ်ဆောင်လျှက်ရှိနေရာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် တိုင်းပြည်သို့ မိန့်ကြားခဲ့သော လစဉ်ရေဒီယိုမိန့်ခွန်း၌ ***"ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့ နိုင်ငံရေးသဘောတူညီချက်ကို ခိုင်မာစွာ ရရှိထားပြီး ဖြစ်ပါတယ်"*** ဟု အတိအလင်း အသိပေးခဲ့ပြီးလည်း ဖြစ်ပါသည်။

၅။ သို့ဖြစ်၍ လာမည့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် သမ္မတကြီးဦးသိန်းစိန်အမှူးပြုသော အစိုးရနှင့်အတူတကွ ပြည်သူလူထုတရပ်လုံး၏ လိုလားတောင့်တမှုနှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသား ပြည်နယ်များကိုအခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးကို ဦးထိပ်ပန်ဆင်ကာ ***"ဖက်ဒရယ်ပြည် ထောင်စုတည်ဆောက်ရေးဆိုင်ရာ သဘောတူညီချက်တရပ်"*** ကို ကတိကဝတ်ပြု ပါဝင်လက်မှတ်ရေးထိုးသွားကြရန် အလုံးစုံဆန္ဒပြုအပ်ပါသည်။ ဤသို့သဘောတူညီချက်အား လက်မှတ်ရေးထိုးခြင်းအားဖြင့် သမ္မတကြီး နှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ အပြန်အလှန်ယုံကြည်မှုကို ပိုမိုခိုင်မာစေပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကိုလည်း နှောင့်နှေးကြန့်ကြာမှုမရှိစေပဲ အဆုံးသတ်နိုင်ရေးကို ထပ်လောင်းကြိုးပမ်းရာရောက်မည် ဖြစ်ပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

*ခူဦးရယ် - အထွေထွေအတွင်းရေးမှူး ဖုန်း - +66(0)84-805-1344*

*ပိုလ်မှူးကြီးခွန်ဥက္ကာ - တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဖုန်း - +66(0)81-950-2158*